# ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျရောက်သော ခုနစ်နှစ်မြောက် ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှု အောက်မေ့ဖွယ်နေ့၌ 'မေယုဒေသ - လူ့အခွင့်အရေး မှတ်တမ်းတင်ရေးစင်တာ (MHRDC)' ၏ ထုတ်ပြန်ချက်

ရက်စွဲ ။ ။ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်

(၁) ယနေ့ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့သည် **"ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှု အောက်မေ့ဖွယ်နေ့"**၏ ခုနှစ်နစ်မြောက်နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။ ဤဩဂုတ်လ ၂၅ ရက်နေ့သည် ရိုဟင်ဂျာတို့၏သမိုင်းတွင် အမှောင်မိုက်ဆုံးနေ့များအနက် သမိုင်းဝင်ဝမ်းနည်းဖွယ် နေ့တစ်နေ့ ဖြစ်ပါသည်။

(၂) ကျွန်ုပ်တို့ရိုဟင်ဂျာများသည် အဆက်ဆက်သောအစိုးရတို့၏ စီမံကိန်းကျကျ ကျူးလွန်နေသော လူမျိုးသုဉ်းသုတ်သင်ရေးကို ခါးစည်းခံနေလာရသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ လွန်ခဲ့သော ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင်မူ ကျွန်ုပ်တို့သည် လူမျိုးသုဉ်းသုတ်သင်ရေး၏ နောက်ဆုံးအဆင့်ကို ကမ္ဘာကြီးရှေ့မှောက်တွင်ပင် ပေါ်ပေါ်တင်တင် ချိုးဖောက်ခံခဲ့ရပြီး၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ(၂၅)နေ့မှစ၍ လူသိန်းပေါင်းများစွာတို့၏ဘဝ နာလန်မထူနိုင်အောင်အထိ ရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်ချေမှုန်ခြင်းကို ခါးသီးစွာ ခံခဲ့ရပါသည်။

(၃) လွန်ခဲ့သောလများတွင်လည်း ဘူးသီးတောင်မြို့နှင့် မောင်တောမြို့နယ်တို့မှ ကျွန်ုပ်တို့ရိုဟင်ဂျာများသည် မြန်မာစစ်တပ်နှင့် ရခိုင်လက်နက်ကိုင်အဖွဲ့ AA တို့၏ ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်တိုက်ခိုက်ခြင်းကို အလူးအလဲခံခဲ့ရပါသည်။ ယနေ့အထိလည်း ဆက်လက် ရင်ဆိုင်ခံစားနေရပါသည်။ အထူးသဖြင့် ရခိုင်လက်နက်ကိုင်အဖွဲ့ AA သည် ၎င်းတို့၏ ပြင်းထန်သော ရည်မှန်းချက်အတိုင်း ကျွန်ုပ်တို့၏လက်ကျန်ရိုဟင်ဂျာများကို အာရကန်ဒေသမှ အပြီးတိုင် ဖယ်ရှားရှင်းထုတ်နိုင်ရန် နည်းမျိုးစုံဖြင့် အရှိန်မြှင့် ကြမ်းကြုတ်နေကြသည်ကို တွေ့နေရပါသည်။

(၄) ယနေ့ ခုနှစ်နစ်မြောက် **"ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှု အောက်မေ့ဖွယ်နေ့"** တွင် ကျွန်ုပ်တို့ MHRDC အဖွဲ့ဝင်များသည် "မတရားအသတ်ခံခဲ့ရသူများကို မမေ့မလျော့ အောက်မေ့ပါကြောင်း၊ ယင်းတို့၏ကျန်ရစ်သောမိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း၊ ယင်းတို့၏ခက်ခဲသော နေ့ရက်များတွင်လည်း အတူတူရပ်တည်နေပါကြောင်း၊ မတရားခံခဲ့ရသည့် ဖြစ်ရပ်တစ်ခုစီအတွက် တရားမျှတမှုရရှိနိုင်ရေး အသက်ကို ပဓာနမထားဘဲ ကြိုးစားကြမည် ဖြစ်ကြောင်း ပြောကြားလိုပါသည်။

(၅) ကျွန်ုပ်တို့ MHRDC အဖွဲ့သည် မေယုဒေသအခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ ကျွန်ုပ်တို့ရိုဟင်ဂျာတို့အပေါ်၊ အထူးသဖြင့် မေယုဒေသမှရိုဟင်ဂျာလူမျိုးအပေါ် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လက်လှမ်းမီသမျှ ကြိုးစား၍ မှတ်တမ်းတင်နေသော **စေတနာ့အဖွဲ့အစည်း** တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့လူမျိုးအပေါ် နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေသည့် လူ့ခွင့်အရေးချိုးဖောက်မှုတစ်ခုစီကို ကျွန်ုပ်တို့ကိုယ်တိုင် တိတိကျကျ မှတ်တမ်းတင်ထားရန် အရေးကြီးသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ **ကျွန်ုပ်တို့၏ သမိုင်းကို ကျွန်ုပ်တို့ကိုယ်တိုင်ကသာ ရေးမှတ်ရမည်** ဖြစ်ပြီး၊ ယနေ့ကျွန်ုပ်တို့ ကြုံတွေ့နေရသော အဖြစ်ဆိုးမျိုးကို ကျွန်ုပ်တို့၏ မျိုးဆက်သစ်များ ထပ်မံမကြုံရစေဖို့ ကျွန်ုပ်တို့ယနေ့ရေးသော သမိုင်းက အထောက်အကူပြုပါလိမ့်မည်ယု ကျွန်ုပ်တို့ MHRDC က လေးနက်စွာ ယုံကြည်ပါသည်။

(၆) မေယုဒေသ - လူ့အခွင့်အရေး မှတ်တမ်းတင်ရေးစင်တာ (MHRDC) အနေဖြင့် -

- ရိုဟင်ဂျာတစ်မျိုးသားလုံးကို "အတ္တ၊ အဃာတများ ဘေးဖယ်ထား၍ စည်းလုံးညီညွတ်ကြရန်၊ အဆိုးဆုံးကာလကို ခန္တီတရားနှင့် ကြံ့ကြံ့ခံ၍ တစ်မျိုးသားလုံး၏ လွတ်မြောက်ရေးအတွက် စုပေါင်းအားဖြင့် ကြိုးစားကြရန်" အနူးအညွတ် တိုက်တွန်းပါသည်။
- ပညာတတ် ရိုဟင်ဂျာလူငယ်များကိုလည်း "ကျွန်ုပ်တို့လူမျိုးအပေါ် ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်တိုင်းကို မိမိတို့နှင့်နီးစပ်ရာအတိုင်း မှတ်တမ်းပြုစုကြရန်နှင့် ထိုသို့မှတ်တမ်းပြုစုခြင်းအားဖြင့် ကျွန်ုပ်တို့အဖွဲ့၏ မှတ်တမ်းပြုစုရေးလုပ်ငန်းကိုလည်း စေတနာ့အလျောက် တတ်နိုင်သမျှ ဝိုင်းဝန်းကူညီကြရန်" အလေးအနက် တောင်းဆိုပါသည်။

**မေယုဒေသ - လူ့အခွင့်အရေး မှတ်တမ်းတင်ရေးစင်တာ (MHRDC)**

ဆက်သွယ်လိုပါက hrdc-mayuregion@proton.me သို့ ဆက်သွယ်နိုင်ပါသည်။